**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။)**
**၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်**
**(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေတွင် -
(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -
''၇၄။(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည်သတ်မှတ်ထားသည့်ကာလအတွင်းသတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ ပြင်ဆင်မှု ၊ လျှောက်ထားရာတွင် ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ လျှောက်ထားခွင့် ရှိသည်။''

(ခ) ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -
''၈၈။(က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိ ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍နောင်တွင်ပြုလုပ်သည့်ရွေးကောက်ပွဲများတွင်လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

( ခ ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ၊ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။ (ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာခြင်းခံရသူသည်လည်းကောင်း၊သတ်မှတ်ထားသည့် အတိုင်းရွေးကောက် ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်း သည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်းကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။'' ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**